# အီးမေးလ်ဖြင့်ပေးပို့သော WIC ကတ် စာလွှာ

ရက်စွဲ-

သို့-

ချစ်ခင်လေးစားအပ်ပါသော

အထူးအခြေအနေများကြောင့် သင်၏ WIC ကတ်ကို သင့်ထံ အီးမေးလ်ဖြင့် ပေးပို့ခြင်းဖြစ်ပါသည်။

ဖော်ပြပါ အဆင့်များကိုသုံးပြီး သင့် WIC ကတ်ကို အသုံးပြုရမည်ကို သတိရပါ-

1. ဂဏန်း 4 လုံး PIN ကို မှတ်ထားပါ။
    - သင့် PIN ကို မမှတ်မိပါက နေ့ရော ညပါ အချိန်မရွေး ပြန်လည်သတ်မှတ်ရန်အတွက် 1-844-359-3104 သို့ ခေါ်ဆိုပါ။
    - ကတ်ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်နှင့် စာတိုက်သေတ္တာအမှတ်တို့ကို ထည့်သွင်းပါ။
2. သင့်ကတ်ဖြင့်ရရှိနိုင်မည့် WIC စားစရာများကို စစ်ဆေးပါ။
    - WICShopper အက်ပ်ကို အသုံးပြုပါ။
    - ကတ်နှင့်အတူ Shopping List (ဈေးဝယ်ရန် ပစ္စည်းစာရင်း) ပါရှိလျှင် ၎င်းကို ကြည့်ရှုပါ။
    - သင်၏ နောက်ဆုံး WIC ကုန်စုံစတိုး ပြေစာကို ကြည့်ရှုပါ။
    - စတိုး သုံးစွဲသူဝန်ဆောင်မှုများထံတွင် မေးမြန်းပါ။
    - WIC ဆေးခန်းထံ ဖုန်းခေါ်ဆိုပါ။
3. အသုံးပြုရန် သတ်မှတ်ကာလ၏ ပထမဆုံးနှင့် နောက်ဆုံးနေ့အပါအဝင် ကြားကာလများတွင် WIC စားစရာများကို ဝယ်ယူပါ။
    - သင်မဝယ်ယူခဲ့သော စားစရာများကို နောက်ထပ်အကျိုးခံစားခွင့်ရှိသောလတွင် ဆက်လက်၍ခံစားခွင့်ရှိမည်မဟုတ်ပါ။
4. WIC ၏ ခွင့်ပြုချက်ရ စတိုးဆိုင်များတွင်သာ ဝယ်ယူပါ။ "WIC Accepted Here" ဟူသော ဆိုင်းဘုတ်များကို ရှာဖွေပါ။
5. သင်ခံစားခွင့်ရှိသော ပမာဏနှင့် စားစရာအမျိုးအစားများကိုသာ ဝယ်ယူပါ။
6. သင် WIC ကတ်အသုံးပြုကြောင်း ငွေကိုင်စာရေးကို အသိပေးပါ။
7. သင်၏ ကတ်ကို ပွတ်ဆွဲပါ။ မေးမြန်းသည့်အခါတွင် သင်၏ ဂဏန်း 4 လုံး PIN ကို ထည့်သွင်းပါ။
8. ပြေစာကို သိမ်းထားပါ။

အောက်ဖော်ပြပါအကြောင်းအရင်းများအတွက် အောက်ပါနံပါတ်မှတစ်ဆင့် ဆေးခန်းဝန်ထမ်းထံ ခေါ်ဆိုပါ-

- သင့် WIC ကတ် သို့မဟုတ် ရရှိနိုင်သည့် စားစရာများနှင့်ပတ်သက်သော မေးခွန်းများ။
- စတိုးတွင် WIC ကတ် အသုံးပြုခြင်းဆိုင်ရာ ပြဿနာများ။
- နောက်ထပ် WIC ချိန်းဆိုမှု ပြုလုပ်ရန် သို့မဟုတ် ချိန်းဆိုမှုအား ပြောင်းလဲရန်။

သင်၏ WIC ဆေးခန်း -

# အီးမေးလ်ဖြင့်ပေးပို့သော WIC ကတ် စာလွှာ

**WIC Nutrition Program (WIC အာဟာရပရိုဂရမ်) က ခွဲခြားဆက်ဆံခြင်းမရှိပါ။**
ဖက်ဒရယ် ပြည်သူ့ရပိုင်ခွင့်ဥပဒေနှင့် U.S. Department of Agriculture (USDA, U.S. လယ်ယာစိုက်ပျိုးရေးဌာန) ပြည်သူ့ရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ USDA၊ ၎င်း၏အေဂျင်စီများ၊ ရုံးများနှင့် ဝန်ထမ်းများအပြင် USDA ပရိုဂရမ်များတွင် ပါဝင်နေသော သို့မဟုတ် စီမံခန့်ခွဲနေသော အဖွဲ့အစည်းများအား USDA မှ လုပ်ဆောင် သို့မဟုတ် ရန်ပုံငွေမတည်သော မည်သည့် ပရိုဂရမ် သို့မဟုတ် လုပ်ဆောင်ချက်တွင်မဆို လူမျိုး၊ အသားအရောင်၊ မိခင်နိုင်ငံ၊ လိင်၊ မသန်စွမ်းမှု၊ အသက်တို့ပေါ်တွင် အခြေခံကာ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ကနဦး ပြည်သူ့ရပိုင်ခွင့်များ လုပ်ဆောင်ချက်အတွက် လက်တုံ့ပြန်ခြင်း သို့မဟုတ် လက်စားချေခြင်းတို့ကို တားမြစ်ထားပါသည်။

ပရိုဂရမ်အချက်အလက်များနှင့်ပတ်သက်သော ဆက်သွယ်ရေး အချက်အလက်များကို ရယူရန် အခြား နည်းလမ်းတစ်ခုကို လိုအပ်သည့် မသန်စွမ်းသူများ (ဥပမာ၊ မျက်မမြင်စာ၊ စာလုံးကြီး၊ အော်ဒီယိုတိပ်၊ အမေရိကန်လက်ဟန်သင်္ကေတပြ ဘာသာစကား၊ စသည်ဖြင့်)၊ သည် ၎င်းတို့အကျိုးခံစားခွင့်လျှောက်ထားသည့် အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသတွင်း) ကို ဆက်သွယ်သင့်ပါသည်။ နားမကြားသူ၊ အကြားအာရုံ ချို့ယွင်းသူ သို့မဟုတ် စကားမပြောနိုင်သူများသည် ဖက်ဒရယ်ရီလေးဝန်ဆောင်မှု (800) 877-8339 မှတစ်ဆင့် USDA ကို ဆက်သွယ်နိုင်ပါသည်။ ထို့အပြင် ပရိုဂရမ်အချက်အလက်ကို အင်္ဂလိပ်စာအပြင် အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။

ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ပရိုဂရမ်တိုင်ကြားချက်ကို တင်ပြရန် အွန်လိုင်း http://www.ascr.usda.gov/complaint_filing_cust.html တွင် တွေ့နိုင်ပြီး မည်သည့် USDA ရုံး၌မဆိုရရှိနိုင်သည့် USDA Program Discrimination Complaint Form (USDA ပရိုဂရမ် ခွဲခြားဆက်ဆံခြင်း တိုင်ကြားချက်ဖောင်)၊ (AD-3027) ကို ပြည့်စုံအောင်ဖြည့်စွက်ပါ၊ သို့မဟုတ် USDA သို့ လိပ်မူကာ စာရေးသားပေးပို့ပြီး စာထဲတွင် ဖောင်ထဲ၌တောင်းဆိုထားသည့် အချက်အလက်အားလုံးကို ထည့်၍သွင်းဖော်ပြပေးပါ။ တိုင်ကြားချက်ဖောင် မိတ္တူကိုတောင်းခံရန် (866) 632-9992 ထံ ဖုန်းခေါ်ဆိုပါ။ USDA ထံ သင်၏ ပြည့်စုံအောင်ဖြည့်စွက်ထားသည့် ဖောင် သို့မဟုတ် စာကို တင်ပြပါ -

မေးလ်- U.S. Department of Agriculture
Office of the Assistant Secretary for Civil Rights
1400 Independence Avenue, SW
Washington, D.C. 20250-9410;

ဖက်စ်- (202) 690-7442၊ သို့မဟုတ်

အီးမေးလ်- program.intake@usda.gov

**ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။**
ဝါရှင်တန်ပြည်နယ် Women, Infants and Children Nutrition Program (WIC, အာဟာရဆိုင်ရာပရိုဂရမ်) သည် ခွဲခြားဆက်ဆံခြင်းမရှိပါ။

ဤစာရွက်စာတမ်းကို အခြားဖော်မတ်ဖြင့် တောင်းဆိုရန်အတွက် 1-800-841-1410 သို့ ခေါ်ဆိုပါ။ နားမကြားသော သို့မဟုတ် အကြားအာရုံချို့တဲ့သော သုံးစွဲသူများသည် 711 (Washington Relay) သို့ခေါ်ဆိုပါ သို့မဟုတ် civil.rights@doh.wa.gov ထံ အီးမေးလ်ပေးပို့ပါ။

DOH 960-367
March 2020 Burmese